
ဝန်ဇင်း
Read on the move
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
မဟာဒီပတွေ့ဆုံခြင်း

ကျွန်တော်တို့ လည်း နဂါးသိုက်နန်းကို ကူညီပြီး မဟာဒီပနဲ့ တွေ့ဆုံဖို့ ကျိုက်ပေါလောမ့်ရှင် ဘုရားဆီကို ထွက်လာခဲ့တယ်။

ကျိုက်ပေါလောမ့်ရှင် ဘုရားကလည်း သမိုင်းမှာ အထင်ကရ တန်ခိုးကြီး စေတီတစ်ဆူ ဖြစ်တာက တစ်ကြောင်း တန်ခိုးတော်တွေ မကြာခဏ ဆိုသလို ပြသတော်မူတဲ့ အတွက် အမြဲမပြတ် ဘုရားဖူးများဖြင့် စည်ကား နေလေတော့သည် ။

ကျိုက်ပေါလောမ့်ရှင်ဘုရား သမိုင်းကို စာဖတ်သူများ သိရှိစေရန် ဖော်ပြ ပေးလိုက်ပါသည် ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ်ပေါင်း (၂၂၀)အကြာ အိန္ဒိယပြည်တွင် သီရိဓမ္မာသောက မင်းကြီး တတိယ သင်္ဂါယနာတင်သည့် အချိန်မှ စခဲ့သည် ဟု ဆိုရပါမည်။

မင်းကြီးသည် အကျင့်သိက္ခာနှင့် မညီသော ရဟန်းများကို သာသနာတော်မှ ဖယ်ရှားပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစိမ့်သောငှာ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်အား အကြီးအမှူးပြု၍ ပိဋကတ်ကျမ်းဂန်၌ ကျွမ်းကျင်လိမ္မာသော ရဟန်းတော်အပါး တစ်ထောင်ကို ရွေးချယ်တော်မူ၏။

ထို့နောက် တတိယ သင်္ဂါယနာတင် ပွဲကြီးကို ပါဋလိပုတ်ပြည် အာသောကာရာမ ကျောင်းတိုက်ကြီး၌ ကိုးလတိုင်တိုင် ကျင်းပတော်မူသည် ။

မင်းကြီးသည် အရှင်မဟာ မောဂ္ဂလိ ပုတ္တတိဿ မထေရ်ကြီးနှင့် တိုင်ပင်ကာ အခြား နိုင်ငံများ တွင်  သာသနာ ပြန့်ပွားဗုံ ကိုးတိုင်း ကိုးဌာနသို့  သာသနာပြု အဖွဲ့များ စေလွှတ်တော် မူသည်။

တစ်ဖွဲ့လျှင် ရဟန္တာ (၅)ပါးစီ ပါဝင်စေပြီး သားတော် အရှင်မဟိန္ဒ ဦးဆောင်သော အဖွဲ့သည် ယခုအခါ သီရိလင်္ကာဟု ခေါ်သော သီဟိုဠ်ကျွန်းသို့ ရောက်ရှိတော်မူသည်။

မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ သထုံပြည်သို့လည်း အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် နှစ်ပါး ဦးဆောင်သော အဖွဲ့ ရောက်ရှိလာသည်။

***